ကိုရိုနာကူးစက်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်းပါးစကာဝတ်ပြုခြင်းကိုအဘယ်သို့ကျင်းပရန်အတွက်ဗာတီကန်ရုံးတော်မှလမ်းညွှန်

ယခုအချိန်သည်ကက်သလစ်ဘာသာဝင်များအတွက်အလွန်အရေးကြီးသောအချိန်ကာလဖြစ်သည့်ပါးစကာပွဲတော်ကိုပြင်ဆင်သောဝါတွင်းကာလစတုတ္ထအပတ်သို့ပင်ရောက်ရှိလာပြီ။ ထိုအရေးကြီးသောပွဲတော်ကျင်းပရန်မှာလည်းတစ်ပတ်ပြီးတစ်ပတ်နီးကပ်လာနေပြီဖြစ်သည်။ ကိုရိုနာကူးစက်ရောဂါမှာလည်းအရှိန်လျော့မသွားသေး။

ထို့ကြောင့်ဗာတီကန်အနေဖြင့်ပါးစကာပွဲတော်၏ဝတ်ပြုခြင်း ကိုဦးဆောင်ကြမည့်ဆရာတော်ကြီးများ၊ ရဟန်းတော်များအတွက်လမ်းညွှန်ချက်များကိုပြီးခဲ့သော သောကြာနေ့ကထုတ်ပြန်ပေးခဲ့သည်။ ကက်သလစ်သာသနာတော်ကြီးအတွက်ဘာသာရေးဝတ်ပြုခြင်း သည်အလွန်အရေးကြီးသည်။ အထူးသဖြင့် ယခုကာလသည်ထူးခြားဖြစ်စဉ်ဖြစ်ပျက်နေသော ကာလ
ဖြစ်၍ဝတ်ပြုခြင်းကိုအခြေအနေပေါ်မူတည်၍ကျင်းပရသည်။ ဝတ်ပြုခြင်းကိုကျင်းပရာတွင်တပြေးညီတည်းဖြစ်စေရန် ဗဟိုမှပင်လမ်းညွှန်ရသည်။ ထိုလမ်းညွှန်ချက်များသည်သန့်ရှင်းသော ရက်တတစ်ပတ်၏ရက်ကြီးအခါကြီးသုံးရက် (Triduum) နှင့်ယေဇူးသခင်ရှင်ပြန်ထမြောက်သောပါးစကာဝတ်ပြုခြင်း အခမ်းအ နားအတွက်အထူးရည်ရွယ်၍ညွှန်ကြားထားပါသည်။

လူစုလူဝေးမပြုရန်နိုင်ငံတော်အဆင့်သတ်မှတ်ထားသောဒေသများ၌ သာသ နာပိုင်ဆရာတော်ကြီးများအနေဖြင့်ဝတ်ပြုခြင်းကိုမကျင်းပ၍မဖြစ်သောအပိုင်းများကိုသာကျင်းပစေရန်၊ ဥပမာအားဖြင့် ပါးစကာပွဲနေ့၏ဝတ်ပြုခြင်းကဲ့သို့ဖြစ်ပါသည်။ ယခုကဲ့သို့ထုတ်ပြန်ရခြင်းမှာ
ကမ္ဘာ့နိုင်ငံများမှဆရာတော် ကြီးများ
၏မေးမြန်းချက်များကိုလက်ခံရရှိသောကြောင့်ထုတ်ပြန်ရခြင်းဖြစ်ပါသည်။ ဤကြေငြာချက်ကို သာသနာ၏ဝတ်ပြုခြင်းဆိုင်ရာရုံးတော်တာဝန်ခံကာဒီနယ် Robert Sarah နှင့်အတွင်းရေးမှူးဂိုဏ်းချုပ်ဆရာတော် Arthur Roche တို့မှလက်မှတ်ရေးထိုးပြီး၊ ရဟန်းမင်း ကြီး ရုံးတော်မှ (၂၀၂၀) ခုနှစ်အတွက် လုပ်ပိုင်ခွင့်ပြုပေးထားသည်။ ဆိုလိုသည်မှာယခုနှစ်ကူးစက်ရောဂါ၏ အခြေအနေဆိုးရွားသောကာလအတွက်သာအကျုံးဝင်ပြီး၊ ယခုအခြေအနေအဆုံးသတ်သွားပါကနောင်နှစ်များတွင်အကျုံးမဝင်တော့ပေ။

ပါးစကာနေ့၏ဝတ်ပြုခြင်းကိုမကျင်းပဘဲချန်လုပ်ထား၍မရခြင်းမှာ ပါးစကားပွဲတော်၏ဝတ်ပြုခြင်းသည်အမိသာသနာ၏တစ်နှစ်တာဝတ်ပြုခြင်း၏ဗဟိုချက်မဖြစ်သည်။

တစ်နှစ်တာ၏ဝတ်ပြုရာ၌ကျင်းပလေ့ရှိသောပွဲနေ့များအနက်တစ်ပွဲမျှသာကျင်းပခြင်းမဟုတ်။

ထို့ကြောင့်ပါးစကာပွဲတော်အကြိုရက်ကြီး အခါကြီးသုံးရက်သည်အခြားသောနေ့၊ အချိန်ကာလတစ်ခုသို့ပြောင်းရွှေ့ကျင်းပ၍မရ။

သို့သော်ဆီဖန်ဆင်းသောကြာသပတေးနေ့ကြီး၏နံနက်ပိုင်းအခမ်းအနားကိုမူသာသနာပိုင်ဆရာတော်ကသင့်တော်သည့်အချိန်တွင်ကျင်းပရန်ပြောင်းရွှေ့သတ်မှတ်နိုင်သည်။

သို့သော်ပါးစကာပွဲတော်
ကြီးအားကြိုဆိုသောပြင်ဆင်ခြင်သောရက်ကြီးအခါကြီးသုံးရက်ကိုမူကြာသပတေးနေ့ကြီးညနေ နေဝင်ချိန်မှအစပြုကျင်းပ၍ပါးစကာတနင်္ဂနွေနေ့မစ္ဆားတရားပူဇော်သည့်အချိန်ထိယှက်နွယ်နေသည်။

လူစုလူ ဝေးမပြုရန်နိုင်ငံတော်မှလည်းကောင်း၊ ဒေသန္တရဆရာတော်
အဖွဲ့ချုပ်၏ဆုံးဖြတ်ချက်အရသော် လည်းကောင်းဆုံးဖြတ်ချမှတ်ထားသောနေရာများ၌မူ
ထိုရက်ကြီးအခါကြီးသုံးရက်ကိုဆရာတော်များ၊
ဘုန်းတော်ကြီးများကမိမိတို့သီတင်းသုံးသောဘုရားကျောင်းများတွင်ဘာသာတူများမပါဘဲလျှက်ကျင်းပရမည်။
သို့သော်ဘာသာတူများအနေဖြင့် ထိုဝတ်ပြုခြင်းကျင်းပမည့်အချိန်ကိုမူကြိုတင်အသိပေးထားရမည်။
အဘယ်ကြောင့်ဆိုသော်ကိုယ်တိုင်ပါဝင်ခွင့်မရှိသော်လည်းမိမိတို့အိမ်မှနေ၍
စိတ်အားဖြင့်ပါဝင်စေရန်ဖြစ်သည်။

အကယ်၍အင်တာနက်၊ Wifi၊ Live၊ တီဗွီများမှထုတ်လွှင့်ပြသပေးနိုင်လျှင်လည်းပြုလုပ်ပေးရန်အားပေးထားသည်။

သာသနာပိုင်ဆရာတော်များအနေဖြင့်မိမိတို့ဘာသာတူများအား ပါးစကားပွဲတော်၏ဝတ်ပြုခြင်း၊ ဆုတောင်းခြင်း၊ တရားတော်ကိုထိတွေ့ခံစားရစေရန်အခြေအနေများဖန်တီးပေးရမည်။

ဆရာတော် များ၊
ရဟန်းတော်များအနေဖြင့်ယေဇူးသခင်၏နောက်ဆုံးညစာစားပွဲဝတ်ပြုခြင်းကိုဘာသာတူများမပါဘဲသင့်တော်မည့်နေရာများ၌လည်းကျင်းပနိုင်ကြောင်း၊
ခြေတော်ဆေးခြင်းသည်အဓိကကျသောအခမ်းအနားမဟုတ်ဘဲအမှတ်ရကျင်းပခြင်းသာဖြစ်၍ ချန်လှပ်ထားနိုင်ကြောင်း၊

ကိုယ်တော်၏နောက်ဆုံးညစာ
စားပွဲအဆုံးတွင်အစဥ်အလာအရကိုယ်တော်မြတ်ကိုပြောင်းရွှေ့စံပွာယ်စေလေ့ရှိသော်လည်းယခုအခြေအနေ၌

မပြုလုပ်ဘဲဗိမာန်တော်၌သာစံပွာယ်စေခြင်း၊

ယေဇူးသခင်၏ဒုက္ခခံထမ်းခြင်းကိုကျင်းပသော သောကြာနေ့၌လည်း
ဘုရားကျောင်း၌ကျင်းပပြီး၊ အထွေထွေဆုတောင်းခြင်း၌နှစ်စဉ်ဆုတောင်းချက်
များအပြင်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရသူများ၊ ကွယ်လွန်သူများ၊ ကွယ်လွန်သွားသူများအတွက်
ပူဆွေးနေကြသူများအတွက်ထည့်သွင်းဆုတောင်းပေးရမည်။

သို့သော်ပါးစကာပွဲတော်အဖိတ်ညဝတ်ပြု ခြင်းကိုမူကာသီဒြယ်၊
ဘုန်းတော်ကြီးသီတင်းသုံးသောဘုရားကျောင်းများ၌ သာကျင်းပရမည်။

မီးဖန်ဆင်းခြင်း၊ စီတန်းကြွဝင်ခြင်းများကိုမူချန်လှပ်ထားနိုင်သည်။ ပါးစကာဖယောင်းတိုင်ကိုမူထွန်းညှိပြီး၊ စီ
တန်းခြင်းကိုမပြုလုပ်ဘဲချက်ချင်းအီစ္စရေးတို့၏အီဂျစ်ပြည်မှထွက်ခွာပြီး၊
ပင်လယ်နီကူးဖြတ်အပြီးသီဆို ခဲ့သော (Exsultet) ဆာလံကိုသီဆိုရမည်။

ထိုအစီအစဉ်များပြီးဆုံးသောအခါ
ပါစကာပွဲအကြိုည၏မစ္ဆားကိုမူအစဉ်အလာအတိုင်းပူဇော်မည်။
သို့သော်ဆေးကြောခြင်းကတိသစ္စာကိုပြန်လည်ပြုခြင်းကိုမူမဖြစ်မနေထည့်သွင်းရမည်။

ဆရာ တော်များ၊ ရဟန်းတော်များ၊ သစ္စာသုံးပါးခံသူတော်စင်များအနေဖြင့်ပါးစကာအဖိတ်ညမစ္ဆားပူဇော်ခြင်း
၌ပါဝင်ရန်အခွင့်အရေးလုံးဝမရှိပါက
မိမိတို့၏ညနေဆုတောင်းမေတ္တာ (Office of Reading for Easter Sunday) ကိုရွတ်ဆိုပူဇော်ရမည်။

စီတန်းလှည့်လည်ခြင်းနှင့်အခြားသောကြည်ညို ခြင်းနှင့်ဆိုင်သည့်အစီအစဉ်များကိုမူ
သာသနာပိုင်ဆရာတော်ကြီးများ၏ဆုံးဖြတ်ချက်အပေါ်မူတည်၍
တစ်နှစ်တာ၏အခြားသင့်လျှော်သောအချိန်၌ပြန်လည်ကျင်းပနိုင်ပါသည်။

ဘာသာပြန် ဖာသာရ်ကလဲမင့်အားတယ်